

# Factsheet II

## December 2020

Bago Waste project
for a clean environment

### စီမံကိန်းကဏ္ဍ

ပဲခူးမြို့၏ စွန့်ပစ်ပစ္စည်းစီမံကိန်းလုပ်ငန်း (၂၀၂၀-၂၀၂၂)သည် မြန်မာနိုင်ငံရှိ ပြည်တွင်း နှင့်အသေးစား စက်မှုအရင်းအမြစ်လုပ်ငန်းများမှစွန့်ပစ်ပစ္စည်း (ပလတ်စတစ်)များညစ်ညမ်းမှုကိုကိုင်တွယ် ဖြေရှင်းမှု စွမ်းရည် များမြင့်တင်ရန် ရည်ရွယ်ပါသည်။ ယင်းသည် မြန်မာ - နော်ဝေ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် ( ၂၀၁၉-၂၀၂၃ ) နှင့် ဆက်စပ်နေသည်။

အဆိုပါ စီမံကိန်းကို NIVA မှ ဦးဆောင်ပြီး ရန်ကုန်ရှိနော်ဝေသံရုံးမှငွေကြေးထောက်ပံ့ ပေးပါသည်။ မိတ်ဖက်များအနေဖြင့်MONRFEC၊ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊BCDC၊ ပဲခူးမြို့စည်ပင်ဌာန ၊ MJT အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းနှင့် “အားလုံးအတွက်တရားမျှတမှု” ဥပဒေအဖွဲ့များ ပါဝင်ပါ သည်။


**CONTACT US**

**Project lead**

Dr. Hans Nicolai Adam, NIVA
Email: hans.adam@niva.no

Dr. Ingrid Nesheim, NIVA
Email: ingrid.nesheim@niva.no
Project co-ordinater, Norway-Myanmar Environmental Programme II


### ပဲခူးမြို့ကြခတ်ဝိုင်းဘုန်းကြီးကျောင်း

ပဲခူးမြို့ရှိ ကြခတ်ဝိုင်းဘုန်းကြီးကျောင်းတွင် အမှိုက်နှင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအခြေအနေ တိုးတက်ကောင်းမွန်စေရန် ၂၀၂၀ခုနှစ် ၊ ဒီဇင်ဘာတွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ ပဲခူးမြစ်ဘေးတွင် ဗဟိုပြုတည်ရှိသည့်ဘုန်းတော်ကြီးကျောင်းသည် သံဃာတော်ပေါင်းရာပေါင်းများစွာ သီတင်းသုံးနေထိုင်ရာနေရာဖြစ်သည်။ ဤနေရာသည်ပဲခူးမြို့တွင် ပထမဆုံးတည်ဆောက်နေသောပဲခူးမြစ်မှရှုခင်းကြည့်ရှုရာနေရာလည်းဖြစ်သည်။အကြံပေးအဖွဲ့ဖြစ်သောပဲခူးမြို့စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးအဖွဲ့ နှင့်ဆွေးနွေးတိုင်ပင်ပြီး နောက် ဤဘုန်းကြီးကျောင်းနှင့်ကပ်လျက်မြစ်ဝှမ်းရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် ရှေ့ပြေးအနေဖြင့်စံပြနေရာတစ်ခုတည်ဆောက်ရန်ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

### စီမံကိန်းနှင့်ချိတ်ဆက်ဆောင်ရွက်မှု




ပဲခူးမြို့ရှိ သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများနှင့် စည်ပင်သာယာရေးအဖွဲ့ အပါအဝင်သက်ဆိုင်ရာအာဏာပိုင်များနှင့် အစိုးရအဖွဲ့မဟုတ်သော ပါသင့်ပါထိုက်သူများသည် စွန့်ပစ်ပစ္စည်းများအခြေအနေကို တိုင်ပင်ပြီး အကဲဖြတ်ရန်အတွက် အဖွဲ့ငယ်တစ်ခုကိုဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် လက်တွေ့ပြောင်းလဲမှုအတွက် ကိစ္စရပ်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပြီးလုပ်ဆောင်ချက်များကို စီစဉ်ဆောင်ရွက်ခဲ့သည်။

### လုပ်ဆောင်ချက်များနှင့်အခြေခံလိုအပ်ချက်ထောက်ပံ့ပေးမှုများ





စီမံကိန်းရေးဆွဲခြင်းအဆင့်အပြီးတွင် လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ဘုန်းတော်ကြီးကျောင်း၊ အများပြည်သူနှင့် ပါသင့်ပါထိုက်သူများကို လက်ကမ်းကြော်ငြာများဝေခြင်းနှင့် လှုပ်ရှားမှုများအကြောင်း တိုက်ရိုက်တွေ့ဆုံရှင်းလင်းခြင်းအားဖြင့်စွန့်ပစ်ပစ္စည်းများအကြောင်းကိုအသိပေးခဲ့သည်။ ထို့နောက်မြစ်ကမ်းဘေးပတ်ဝန်းကျင်အားဘုန်းကြီးကျောင်းအနီးရှိ နေထိုင်သူများ၊ ဘုန်းကြီးကျောင်းနှင့် MJT အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူများ အတူတကွပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြသည်။ ဘုန်းကြီးကျောင်းမှ ခွဲခြားပြီးစွန့်ပစ်ထားသော အမှိုက်များကိုပုံမှန်သိမ်းဆည်းသွားမည်ဖြစ်ကာ အများပြည်သူအပန်းဖြေရန်အတွက် ဘုန်းကြီးကျောင်းပတ်ဝန်းကျင် နေရာကို ပြုပြင်ကာ သစ်လွင်လှပအောင် ပြုလုပ်ဆောင်ရွက်နေလျက်ရှိသည်။ အမှိုက်အိတ်များနှင့် အမှိုက်ပုံးများကဲ့သို့သော လိုအပ်သည့်ပစ္စည်းများနှင့် ထောက်ပံ့ပေးစရာများကို ဘုန်းတော်ကြီးကျောင်းသို့ လိုအပ်ချက်များနှင့်အညီ ဖြန့်ဝေပေးခဲ့သည်။

### လက်တွေ့တွင်ပြောင်းလဲလာမှု

ဘုန်းတော်ကြီးကျောင်းအား ပုံမှန်စောင့်ကြည့်လေ့လာပြီး လိုအပ်သည်များထောက်ပံ့ပေးခြင်း၊ ဘုန်းကြီးကျောင်းနှင့် ရပ်ကွက်သူရပ်ကွက်သားများ၏ ပူးပေါင်းပါဝင်မှု၊ အမှိုက်နှင့်ပတ်သက်သော အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုများ၊ အော်ဂဲနစ်အမှိုက်များနှင့်အခြားသော စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းပေးခြင်းသည် စံပြဧရိယာ၏ ရေရှည်တည်တံ့မှုကိုဖြစ်စေသည်။ ထို့အပြင် ပြန်လည်ထူထောင်ခြင်းနှင့် ရေတိုက်စားမှုလျှော့ချရေးလုပ်ငန်းများ အတွက် ကမ်းနားသစ်ပင်များ စိုက်ပျိုးခြင်း၊ ကစားကွင်းနှင့် ပြည်သူ့အပန်းဖြေနေရာများကဲ့သို့သော နေရာများ အပါအဝင် အများပြည်သူဆိုင်ရာ အဆောက်အအုံများအား NIVA၊ MJT အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုအာဏာပိုင်များ အတူတကွပူးပေါင်းကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့သည်။ ပဲခူးမြို့စွန့်ပစ်ပစ္စည်းဆိုင်ရာ စီမံချက်သည် အနာဂတ်ကာလတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု တိုးတက်စေရန်နှင့် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရန်အတွက် ဘုန်းတော်ကြီးကျောင်းနှင့် ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။






Norwegian Embassy

Norwegian Institute for Water Research